# ACC Against COVID-19




## အစီအစဉ် (၄၇)

## “စီးပွားရေးလုပ်ငန်းရှင်များ လုပ်ကိုင်ရလွယ်ကူစေရေး ပြုပြင်ပြောင်းလဲခြင်း”


တင်ပြသူ
ဦးမျိုးသူ
(စီးပွား/ ကူးသန်း)

**MINISTRY OF COMMERCE**
THE REPUBLIC OF THE UNION OF MYANMAR





စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ကုန်သွယ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာနနှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဟု ဌာနကြီး သုံးခု ရှိပါသည်။ ဝန်ကြီးဌာန၏ အဓိက တာဝန်တစ်ခုဖြစ် သော ပြည်ပပို့ကုန်သွင်းကုန် လိုင်စင်ထုတ်ပေးခြင်း လုပ်ငန်းသည် လုပ်ငန်းသဘာဝအရ လုပ်ငန်းရှင်များ နှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံနေရသော နေရာတစ်ခု ဖြစ်ပါသည်။

တင်ပို့တင်သွင်းသမှု ကုန်ပစ္စည်းတိုင်းသည်
လိုင်စင်ရယူရန်နှင့် လိုင်စင်ကြေးပေးသွင်းရန်
တာဝန်ရှိခဲ့ပါသည်။ လိုင်စင်မပါလျှင်
ကုန်စည်များ တင်ပို့/ တင်သွင်းရန်
ခွင့်မပြုခဲ့ပါ။ သို့ဖြစ်၍ လုပ်ငန်းရှင်များမှ
လိုင်စင်အမြန်ရရှိရန် နည်းမျိုးစုံဖြင့်
ကြိုးပမ်းတတ်ကြပါသည်။ အဆိုပါအချက်သည်
လုပ်ငန်းကြန့်ကြာမှုကိုဖြစ်စေသကဲ့သို့
အဂတိလိုက်စားခြင်းကိုလည်း ဖြစ်စေနိုင်ပါသည်။






လက်ရှိအခြေအနေတွင် လိုင်စင်ရယူရန် လိုအပ်သော ကုန်ပစ္စည်း
အမည်အရေအတွက်ကို များစွာလျှော့ချခြင်းဖြင့် လုပ်ငန်းရှင်များအတွက်
အချိန်၊ ကုန်ကျစရိတ်နှင့် အဆင့်ဆင့် ဆောင်ရွက်ရသည့် ရုံးလုပ်ငန်းစဉ်များကို လျော့နည်းကျဆင်း
သွားစေပါသည်။ လုပ်ငန်းရှင်များအနေဖြင့် ကိုယ်စားလှယ်များ မှတစ်ဆင့် လုပ်ငန်းဆောင်ရွက်ရခြင်း၊
သက်ဆိုင်သည့်ဌာနဝန်ထမ်းများအား ငွေကြေးလာဘ်လာဘပေး၍ ကြန့်ကြာမှုကို
လျှော့ချရခြင်းများအား လျော့နည်း ပပျောက်သွားစေပါသည်။



ပြည်ထောင်စုဝန်ကြီးဌာနများအတွင်းတွင် အဂတိလိုက်စားမှုများမဖြစ်ပေါ်စေရေးနှင့် လုပ်ငန်းများကြန့်ကြာမှု မရှိရေးအတွက် ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။






စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့ဘဏ်မှ နိုင်ငံပေါင်း ၁၉၀ ၌ နှစ်စဉ်တိုင်းတာသည့် **စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လွယ်ကူမှု အညွှန်းကိန်း (Ease of Doing Business Index)** တိုးတက်ကောင်းမွန်ရေးလုပ်ငန်းစဉ်တွင် တာဝန်ခံဝန်ကြီးဌာနအဖြစ် ဆောင်ရွက်နေပါသည်။



စီးပွားရေးလုပ်ငန်းများနှင့် ထိတွေ့နေရသော အစိုးရဌာနဆိုင်ရာများနှင့် ဆက်ဆံရာတွင် လုပ်ငန်းရှင်များ လုပ်ကိုင်ရလွယ်ကူမှု အခြေအနေကို ဦးစွာလေ့လာသိရှိရမည်ဖြစ်ပါသည်။ ထို့နောက် ဌာနအလိုက် ပြုပြင်ဆောင်ရွက်မှုများ (Reforms)ကို လုပ်ငန်းစီမံချက်များ (Plan of Action-POA) ချမှတ်ဆောင်ရွက်ခြင်းဖြင့် အညွှန်းကိန်းရမှတ်နှင့် အဆင့်တိုးတက်လာမည် ဖြစ်ပါသည်။






ထို့နောက်နိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းများတွင်လည်း အချိန်ကြန့်ကြာမှု၊ ငွေကြေးစရိတ်ကုန်ကျမှုနှင့် ဌာနဆိုင်ရာများ၏ လုပ်ထုံးလုပ်နည်း အဆင့်ဆင့် ကြောင့် ကြန့်ကြာမှုများကို လျှော့ချနိုင်ပြီး စီးပွားရေးလုပ်ငန်းများကို လွယ်ကူလျှင်မြန်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ထို့အပြင် အဆင့် ဆင့်သော ကြိုးနီစနစ်များကို လျှော့ချနိုင်သဖြင့် အဂတိလိုက်စားမှုကိုလည်း ပပျောက်အောင် ဆောင် ရွက်လာနိုင်မည်ဖြစ်ပါသည်





မြန်မာနိုင်ငံသည် Ease of Doing Business လုပ်ငန်းစဉ်တွင် ၂၀၁၄ ခုနှစ်ကစ၍ ပါဝင်ခဲ့ပြီး ထိုနှစ်က နိုင်ငံပေါင်း ၁၈၉ နိုင်ငံတွင် အဆင့် ၁၈၂ ဖြစ်ခဲ့ကြောင်း တွေ့ရသဖြင့် စီးပွားရေး လုပ်ငန်းများ လုပ်ကိုင်ရ လွယ်ကူမှုမရှိသော နိုင်ငံဟု ဆိုနိုင်ပါသည်။ ၂၀၂၀ ပြည့်နှစ်တွင် နိုင်ငံပေါင်း ၁၉၀ ၌ အဆင့် ၁၆၅ သို့ ရောက်ရှိလာပြီ ဖြစ်ပါသည်။ လုပ်ငန်းဆောင်ရမှုအပေါ် အားရဖွယ်မရှိသေးသဖြင့် ဆက်လက်တိုးတက် အောင် သက်ဆိုင်ရာ ဌာနများမှ ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။

ထို့ကြောင့် လုပ်ငန်းစီမံချက်များ (Plan of Action–POA) ကို ဌာနပေါင်း ၂၀ ကျော်တွင် ဆက်လက်ချမှတ်ဆောင်ရွက်နေပါသည်။ အဆိုပါ လုပ်ငန်းစဉ်တွင် တစ်ခုအပါအဝင် ဖြစ်သော နိုင်ငံနယ်နိမိတ် ဖြတ်ကျော်၍ ကုန်သွယ်သည့် ပြည်ပကုန်သွယ်မှုအညွှန်းကိန်း (Trading Across Border Index) တွင် လက်ရှိရရှိနေသောအမှတ် နှင့် အဆင့်များကို ပိုမိုတိုးတက်လာစေရေးအတွက် အကောက်ခွန် ဦးစီးဌာန၊ ဆိပ်ကမ်းအာဏာပိုင်၊ FDA စသည့် ဌာနများနှင့် ဦးဆောင် ဌာန ဖြစ်သည့် ကုန်သွယ်ရေး ဦးစီးဌာနတို့သည် အပြင်းအထန် ကြိုးပမ်း ဆောင်ရွက်လျက် ရှိပါသည်။







ထိုသို့ စီးပွားရေးလုပ်ငန်းများနှင့် ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူချောမွေ့အောင် ဆောင်ရွက်ပေးနေသည့် ၂၀၂၀ ပြည့်နှစ်တွင် COVID-19 ကပ်ရောဂါကြောင့် ရောဂါ ပိုးကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ကာကွယ်ရေး အစီအမံများနှင့် ကန့်သတ်ချက်များကြောင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စက်ရုံအလုပ်ရုံများ ပိတ်ရခြင်း၊ မှုဆယ်-တရုတ် နယ်စပ်ကုန်သွယ်မှုတွင် ဖရဲသီး၊ သခွားမွှေးသီးများ တင်ပို့ရာတွင် အခက်အခဲများ တွေ့ရခြင်းများနှင့် ထုတ်ကုန်သွင်းကုန်လိုင်စင်ကြေးများကို လာရောက်ပေးဆောင်ရန် ခက်ခဲခြင်းများ ရှိခဲ့ပါသည်။

ထို့ကြောင့် အထည်ချုပ်လုပ်ငန်းများတွင် လိုအပ်သော ကုန်ကြမ်းများကို တင်သွင်းရာတွင် ဖြေလျှော့မှုများ ဆောင်ရွက်ပေးခြင်း၊ အင်တာနက်မှတစ်ဆင့် ကုမ္ပဏီ ထုတ်ကုန်သွင်းကုန်လိုင်စင်ကြေးကို လျှော့ချပြီး အွန်လိုင်းမှ ကောက်ခံခြင်းစနစ်များကို ပြောင်းလဲကျင့်သုံးခြင်းဖြင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် လွယ်ကူသက်သာစေခြင်း ဖြစ်ပေါ်အောင် ဆောင်ရွက်ပေးလျှက် ရှိပါ သည်။






စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့်လည်း၊ ကောင်းသောအသိ၊ ကောင်းသောအမြင်ဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြပါဟု တိုက်တွန်းရင်း **"အဂတိကင်းစင်၊ ကုန်သွယ်မှုတခွင်" နှင့် "လွယ်ကူမြန်ဆန်၊ စီးပွားရေး အသွင်သဏ္ဌာန်"** ဖြစ်ပါစေကြောင်း ဆုမွန် ကောင်း တောင်းအပ်ပါသည်ခင်ဗျာ။



